**********

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော**

**တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏**

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေး (၁၄/၂၀၂၁)**

# ထုတ်ပြန်ကြေညာချက်

**၂၀၂၁ ခုနှစ်၊ ဧပြီလ (၄) ရက်**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေး (၁၄/၂၀၂၁)ကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၃-၄) ရက်နေ့တွင် ကျင်းပခဲ့သည်။ ဤအစည်းအဝေးမှ လက်ရှိနိုင်ငံရေးအခြေအနေများ၊ ပြည်တွင်းအခြေအနေများအား ဆွေးနွေးညှိနှိုင်းပြီးနောက် အောက်ပါ ဘုံသဘောထား ရပ်တည်ချက်များကို ထုတ်ပြန်ကြေညာအပ်သည်။

၁။ လက်နက်မဲ့ ပြည်သူလူထုအား စစ်ကောင်စီ၏ အကြမ်းဖက် သတ်ဖြတ်၊ ပစ်ခတ်နှိမ်နင်းမှုကို ချက်ခြင်းရပ်တန့်ရန် တောင်းဆိုသည်။

၂။ ဖမ်းဆီးထိန်းသိမ်းထားသူများအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန် တောင်းဆိုသည်။

၃။ ပြည်သူလူထုတစ်ရပ်လုံးက ဆင်နွှဲနေသည့် နွေဦးတော်လှန်ရေးအပါအဝင် CDM လူထုလှုပ်ရှားမှုများအား ဆက်လက်ပံ့ပိုး ကူညီမည်။

၄။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းကြောင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ၏ ထုတ်ပြန်ကြေညာချက်ကို ကြိုဆိုထောက်ခံသည်။

၅။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) က ထုတ်ပြန်သော ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် (Federal Democracy Charter) ကြေညာချက်သည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ကြိုဆိုသည်။


*ဆက်သွယ်ရန်ပုဂ္ဂိုလ်များ*

၁။ ဒေါက်တာလျှန်မှုန်းဆာခေါင်း ဖုန်း- +46-70-257-8196

၂။ ဗိုလ်မှူးကြီးစိုင်းငင်း ဖုန်း- +66 861 94 0179